


ချောက် ချောက် ချား ချား ဝတ္ထု
စာပေ
အခေါင်းထဲကအလောင်း
ပန်း ၊ မျိုးသိန်းရွှေကြည်

# တိုက်အိုကြီးထဲက ဝိညာဉ်ပြတိုက်

## အခန်း (၁)

အဝေးပြေးလမ်းမကြီးဘေးက ငါးဧကေမျှ ကျယ်ဝန်းလှသော ခြံကျယ်၏ စည်းရိုးအဖြစ် စိုက်ထားသော ကြက်ခတ် ဝါးပင်များ ၊ လက်ပံ၊ ကုက္ကို၊ သရက်၊ ရာဘာ၊ အစိုးရ၊ ကသစ်စတဲ့ အပင်ကြီးများကြောင့် အုံ့ဆိုင်းဆိုင်းနှင့် မှိုင်းညို့လို့ သာနေသည် ။

မြို့နှင့်လည်း ဝေးကွာသည့်နေရာမှာ ရှိတာမို့ အထီးကျန်ဆန်စွာ ရှိနေသော ဒီခြံကြီးထဲတွင် ရှေးဟောင်း တိုက်အိုကြီး တစ်လုံးရှိ၏။

တိုက်အိုကြီး၏ အပြင်ဘက်တွင် မည်းညစ်ထေးနေပြီး ချုံနွယ်နှင့် ရေညှိတို့ က နံရံကို ကပ်ပေါက်နေသောကြောင့် မသပ်မရပ်နှင့် ဖြစ်နေရာ ရုတ်တရက် ကြည့်လိုက်လျှင် ချောက်ချားဖွယ်ရာ ကောင်းလွန်းလှ၏ ။

တိုက်ကြီးထဲတွင် ...

"အဘလုပ်နေတာတွေ တစ်ခုမှ အဓိပ္ပာယ်မရှိဘူး၊ ဒီရှေးဟောင်း ပစ္စည်းတွေဆိုတာ ကြိုက်တဲ့ လူရှိမှ ဈေးရတာ၊ ရင်းနှီးထားရတဲ့ အရင်းအနှီးကလည်း မနည်းဘူး"

"မင်းဘာနားလည်လို့ လဲ သီဟ ဒီပစ္စည်းတွေရဲ့ နောက်ခံ သမိုင်းကြောင်းတွေ၊ ရှားပါးလှတဲ့ သမိုင်း အမွေပစ္စည်းတွေကို နှစ်နှစ်ဆယ်ကျော် ကမ္ဘာအနှံ့ ငါရှာဝယ်ခဲ့တာ မင်းအသိပဲ"

အသက်ငါးဆယ်ကျော် ဦးမင်းထွန်းက အေးစက်စက်လေသံနှင့် တူဖြစ်သူ မင်းသီဟကို ရှင်းပြသည် ။

"အဘဝါသနာကို ကျွန်တော် သိပါတယ် ... ဒါပေမဲ့ အဘဝယ်တဲ့ ပစ္စည်းတွေက ပိညာဉ်တွေနဲ့ ဆိုင်တဲ့ ပစ္စည်းတွေမို့ ပြောတာ"

"ဝိညာဉ်တွေဆိုတာ သေလွန်ပြီး ရပ်တည်နေတဲ့ ဘဝအခြေအနေကို ခေါ်တာ၊ မသေခင် သူတို့ စွဲလမ်းတဲ့ ပစ္စည်းကို ဝိညာဉ်တွေက တွယ်ငြိနေမှာ ပဲ အဲဒီပစ္စည်းတွေကို ငါရအောင် လိုက်ဝယ်ထားတော့ ပိညာဉ်တွေကို စုဆောင်းထားတာနဲ့ မတူဘူးလား"

"ဟင်း..."

သီဟ သက်ပြင်းရှည် တစ်ခုကို ချလိုက်၏။ သူ့အဘ ဦးမင်းထွန်းဆီကို တစ်လလျှင် နှစ်ခေါက် လိုအပ်သည့် အစားအသောက် ဆေးဝါးများ လာပို့ပေးတိုင်း အထီးကျန်ဆန်စွာ ရှေးဟောင်း ဝိညာဉ်ပစ္စည်းများ ဖြစ်နေ၍ စာအုပ်ထူထူကြီးများ ကိုသာ အဖော်ပြုနေတတ်သဖြင့် စိတ်မချမ်းသာစွာ သတိပေးသော်လည်း ဦးမင်းထွန်းက သူ့အလုပ်ကို ကန့်ကွက်လျှင် မကြိုက်ပေ။

တိုက်ကြီး၏ အခန်းတိုင်းတွင် အရိုးစုများ ၊ အခေါင်းပျက်မျိုးစုံနှင့် လက်ဝါးကပ်တိုင်၊ ခေါင်းလောင်းများ စတဲ့ အမျိုးအစား မျိုးစုံကို စင်များ နှင့် စနစ်တကျ ထားရှိသည် ။

တချို့အခန်းတွင် ဝတ်ရုံမျိုးစုံနှင့် တူရိယာပစ္စည်း အစုံတို့ အပြင်

ဟောင်းနွမ်းနေသည့် ပန်းချီပုံများ လည်း ရှိ၏။

ထူးဆန်းသည် က သော့အထပ်ထပ် ခတ်ထားသော အလုံပိတ် အခန်း၊ ထိုအခန်းတွင် မည်သည့် ပစ္စည်းထားသည် မသိ။ ဦးမင်းထွန်း က သူ့ကိုပင် ထိုအခန်းနား အကပ်မခံပါ...

"အဘက ဝိညာဉ်တွေရဲ့ ပစ္စည်းကို စုဆောင်းထားတာ ဆိုတော့ ဝိညာဉ်တွေနဲ့ တွေ့သေးလား"

"မင်း ဘာစကားပြောတာလဲ"

မေးတာကို မကြိုက်သည့် ပုံစံဖြင့် ပြောလိုက်သည် ။

"ဝိညာဉ်တွေက အဘပစ္စည်းကို စွဲလမ်းတယ်ဆို"

"ငါက သူတို့ မိတ်ဆွေ သူတို့ ကို ကူညီနေတဲ့ လူ ငါ့ကိုဆက်သွယ်ရင် ထိတ်လန့်အောင် မလုပ်ဘူး ငါကလည်း သူတို့ ကို အမြဲကူညီတယ်"

"အဘကတော့ အစွန်းရောက်နေပြီ"

သီဟကို ဦးမင်းထွန်းက ဘာမှ ဆက်မပြောတော့ဘဲ စားပွဲပေါ်က စာအုပ်ထူထူကြီးကိုသာ ယူပြီး ဖတ်နေသည် ။

သီဟလည်း ဘာမှ ဆက်မပြောတော့ ပြောလည်း ဦးမင်းထွန်းက ဘာမှ ပြန်ဖြေမှာ မဟုတ်တော့ဘဲ သူဖတ်နေတဲ့ စာအုပ်ကိုသာ ဖတ်နေတော့သည် ။

ဧည့်ခန်းနံရံ မှန်ဗီရိုထဲတွင် တင်ထားသော စာအုပ်များမှ ငွေခေါင်းလောင်း သေးသေးလေး တစ်လုံးကို ငွေကလပ် တစ်ခုဖြင့် တင်ထားသည် ကို တွေ့ရ၍ ...

"အဘ ... ဟိုခေါင်းလောင်းလေးက လှလိုက်တာဗျာ ဘယ်ကရတာ

လဲ"

"ဟင်..."

စာအုပ်ဖတ်နေရာမှ သီဟကို ဦးမင်းထွန်းက လှမ်းကြည့်လိုက်၏။

"ပုံစံက ဆန်းနေလို့ ပါ ဘယ်ခေတ်လောက်က ခေါင်းလောင်းလေး လဲ အဘ"

"အိန္ဒိယဘက်က ရထားတာ လွန်ခဲ့တဲ့ နှစ်သုံးရာလောက်က ကသည်းစော်ဘွားရဲ့ သမီးတော် သီရိရတနာဒေဝီရဲ့ ပစ္စည်း"

"အဘ အိန္ဒိယက ဝယ်လာတာလား"

သီဟအမေးကို စိတ်ဝင်စားတာကိုက ထူးဆန်းနေ၏။ ယခင်ဆို ဘာမှ မေးလို့ ရတာ မဟုတ်...

ငွေခေါင်းလောင်းလေး ကိစ္စမှ ထူးခြားစွာ စိတ်ဝင်တစား ဖြေနေတာကပင် အကြောင်းကိစ္စ တစ်ခုခု ရှိမှန်းသိသည် ။

"ဟုတ်တယ် ... လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တည်းက ဝယ်ခဲ့တာ"

"အဲဒီ ခေါင်းလောင်းလေးက ဘာတွေ ထူးခြားလဲအဘ"

"သီရိရတနာဒေဝီရဲ့ ဝိညာဉ်ကို နိုင်တယ်"

"ဗျာ"

ဝိညာဉ်နိုင် ခေါင်းလောင်းလေးရဲ့ အစွမ်းက မယုံနိုင်လောက်အောင် ဖြစ်လို့ သွား၏။

"သီရိရတနာဒေဝီရဲ့ ဝိညာဉ်ဟာ အဲဒီခေါင်းလောင်းလေး တီးလိုက်တာနဲ့ ရုပ်ကလပ်ကို လာကပ်တော့တာပဲ"

"မဖြစ်နိုင်ပါဘူး အဘရယ် ... သီရိရတနာဒေဝီရဲ့ သက်တမ်းဟာ မနည်းတော့ဘူး မဟုတ်လား"

"သီရိရတနာဒေဝီ သေတော့ အသက်နှစ်ဆယ် ဝန်းကျင်ပဲ ရှိသေးတယ်၊ ရုပ်ကလာပ်ကိုလည်း မပုပ်မသိုးအောင် ဆေးစိမ်ပြီး မှန်ခေါင်းထဲမှ ထည့်ပြီး သင်္ဂြိုဟ်ခဲ့တယ် ... ကသည်းတွေက အယူသီးတယ်၊ သီရိရတနာဒေဝီ ဝိညာဉ်ဟာ တစ်နေ့ သူ့ခန္ဓာကို ပြန်ကပ်မှာ ပဲလို့ ယုံကြည်ခဲ့ကြတယ်၊ ဒါကြောင့် အစီအရင်နဲ့ ဝိညာဉ်ခေါင်းလောင်းကို လုပ်ခဲ့ကြတာ"

ဦးမင်းထွန်းက ဝိညာဉ်နိုင် ငွေခေါင်းလောင်းနှင့် ပတ်သက်တာကို စိတ်ရှည်စွာ ရှင်းပြပေမယ့် သီဟစိတ်ထဲမှာ ပုံပြင်တစ်ပုဒ်ကို နားထောင်နေရတာပဲလို့ မှတ်လိုက်သည် ။

"သီရိရတနာဒေဝီ ဘာလို့ သေတာလဲ အဘ"

"ဇာတ်နိမ့် တစ်ယောက်နဲ့ ချစ်ကြိုက်လို့ ဆေးတစ်မျိုးတိုက်ပြီး သေဒဏ်ပေးလိုက်တာ"

"သီရိရတနာဒေဝီ ဝိညာဉ်လည်း နှစ်တွေကြာတော့ ရောက်ချင်တဲ့ ဘဝ ရောက်သွားရောပေ့ါ"

"ဘယ်ဘဝရောက်ရောက် ဝိညာဉ်ဟာ ခေါင်းလောင်းတီးလိုက်ရင် ခန္ဓာကိုလာကပ်တယ်"

"အဘ ခေါင်းလောင်းလေးကို တီးကြည့်ဖူးလား"

သီဟ အမေးကို ချက်ချင်း အဖြေမပေးဘဲ ရှေ့တည့်တည့်သို့သာ စူးစိုက်ကြည့်ကာ...

"ငါ ဘယ်တော့မှ မတီးဘူး၊ အရင်ပိုင်ရှင် အဆက်ဆက်လည်း မတီးခဲ့ဘူး"

"ဘာလို့ လဲ အဘ"

"တီးတဲ့ လူ အသေဆိုးနဲ့ သေကြရမယ်လို့ စော်ဘွားကြီးနဲ့ ခေါင်းလောင်းကို စီရင်တဲ့ လူက ကျိန်စာတိုက်ခဲ့လို့ ပါ"

"ဟုတ်ပ့ါမလား၊ အဘရယ်... အခုခေတ်ကြီးမှာ ဒါတွေ မရှိလောက်ပါဘူး ပြီးတော့ သီရိရတနာဒေဝီရဲ့ အလောင်းကလည်း အိန္ဒိယမှာ မလား"

" မဟုတ်ဘူး "

"ဘယ်မှာ လဲ အဘ"

"ငါ့ ဆီမှာ "

"ဟင်"

ပြောကာ အိမ်အနောက်ဘက်သို့ ထထွက်သွားလေသည် ။ သီဟလည်း ခေါင်းလောင်းလေးကို ကြည့်ပြီး စိတ်ထဲ ကြောက်လာသလို ဖြစ်လာတာကြောင့် ထိုင်ရာမှ ထကာ ခြံထဲဆင်း လာပြီး ကားမောင်း ထွက်လာခဲ့တော့သည် ။

***

# ငွေခေါင်းလောင်းလေး လှူပေးပါ

## အခန်း (၂)

"အဲဒါပဲ သူငယ်ချင်း ငါ့အဘကတော့ အစွန်းရောက်နေပြီ"

သူငယ်ချင်းဖြစ်သူ ဒေါက်တာထက်ကျော်ကို သီဟက သူ့ဘကြီး ဦးမင်းထွန်း အကြောင်းကို ပြောပြသည် ။

"သီရိရတနာဒေဝီရဲ့ အလောင်းက မင်းအဘဆီမှာ ရှိတယ်ဆိုတော့ မင်းကြည့်ခွင့် မတောင်းဘူးလား"

"တောင်းလည်း ရမှာ မှ မဟုတ်တာ ထက်ကျော်"

"ငါလည်း စိတ်ဝင်စားတယ် သီဟ၊ အခွင့်အရေး ရမယ်ဆိုရင် အလောင်းကို ကြည့်ချင်တယ်"

ဆရာဝန်တစ်ဦးဖြစ်သည့် ထက်ကျော်က နှစ်ပေါင်းသုံးရာလောက်ကတည်းက ရှိနေသည့် အလောင်းကို တွေ့ချင်နေတာ မဆန်းပါ...

"ငါ နောက်တစ်ခေါက် အဘဆီသွားရင် မင်းလိုက်ခဲ့"

"အိုကေ..."

စိတ်ဓာတ် တက်ကြွစွာနှင့် ထက်ကျော် ခေါင်းညိတ်လိုက်သည် ။ ငယ်စဉ်တည်းက သီဟနှင့် သူငယ်ချင်းတွေဖြစ်တာမို့ ဦးမင်းထွန်းနှင့်လည်း ရင်းနှီးသည် ။

"သီဟ ဒီနှစ်ကုန်ရင် ငါလက်ထပ်တော့မယ်"

"ဘယ်သူနဲ့ လဲ ထက်ကျော်"

"ဘယ်သူရှိရမလဲ မျိုးပနဲ့ ပဲပေါ့"

"ကောင်းပါတယ် တစ်ယောက်အကြောင်း တစ်ယောက်သိနေတာပဲ"

မျိုးပလည်း ဆရာဝန် ရန်ကုန်မှာ တာဝန်ကျနေ၏။ သူတို့ နှင့်လည်း တစ်မြို့တည်းသားတွေမို့ တစ်ဦးအကြောင်း တစ်ဦးသိတွေ ဖြစ်သလို ပညာ အဆင့်အတန်းချင်းလည်း တူညီသည် ။

သီဟကတော့ ထက်ကျော်တို့ မျိုးပတို့လို ဆရာဝန်မဟုတ်ဘဲ ရိုးရိုး သမိုင်းမေဂျာနှင့်သာ ကျောင်းပြီးခဲ့သည် ။

"မင်းရော လက်ထပ်မယ့်သူ မတွေ့သေးဘူးလား"

"ရှာကို မရှာချင်တာ ထက်ကျော် ငါ့လုပ်ငန်းနဲ့ ငါတောင် မအားဘူး"

"စားမယ့်သူလည်း ဘယ်သူမှ မရှိပဲကွာ၊ အခုတောင် အသက်သုံးဆယ် ရောက်တော့မယ် ကြာရင် အိုသွားမယ်နော်"

"မတတ်နိုင်ဘူးကွာ မိဘမရှိ ညီအစ်ကိုမောင်နှမ မရှိတဲ့ ငါ့အတွက် အားကိုးရာ ဘကြီးကလည်း သူထင်ရာလုပ်နေတော့ တို့ မျိုးရိုးရဲ့ အစဉ်အဆက် ပွဲရုံလုပ်ငန်းကို ငါမလုပ်လို့ ဘယ်သူလုပ်မလဲ"

သီဟ ပြောတာလည်း မှန်နေပြန်သည် ။ ဒီမြို့ရဲ့ အထင်ကရ ပွဲရုံကြီးများကို ပိုင်တဲ့ အပြင် ကုန်တင်ကားပေါင်း များ စွာ ပိုင်ဆိုင်တဲ့ သီဟကတော့ ရင်ခုန်တယ် ဆိုတဲ့ အသိ သူ့မှာ မရှိသေး...

စီးပွားရေးမှာ လဲ ဖွတ်နှစ်ကာ လုပ်ကိုင်နေသူလည်း ဖြစ်၏။

"ငါ မရှင်းလို့ မေးဦးမယ် သီဟ"

"မေးလေ...ဘာမေးမှာ လဲ"

"နှစ်ပေါင်း သုံးရာလောက်ကတည်းက ဝိညာဉ်ဟာ ခေါင်းလောင်းလေး တီးရုံနဲ့ ထိန်းချုပ်လို့ ရပ့ါမလား"

"အဲဒါတော့ ငါသေချာ မသိဘူး၊ သေချာတာက င့ါအဘ ဦးနှောက် ပုံမှန်ရှိသေးရဲ့ လား ဆိုတာပဲ"

"အေးကွာ... လောကမှာ ထူးဆန်းတာတွေလည်း ရှိသလို၊ မထူးဆန်းတာတွေကို ထူးဆန်းတယ်လုပ်နေတဲ့ ခပ်ကြောင်ကြောင် လူတွေလည်း ရှိနေတယ်မလား"

"ဟုတ်မှာ ပါ"

ထက်ကျော်စကားကို ထောက်ခံပြီး လက်က နာရီကိုကြည့်၍ -

"လေးနာရီတောင် ထိုးတော့မယ်၊ ငါသွားဦးမယ် ထက်ကျော်၊ င့ါအဘဆီသွားတဲ့ နေ့ကျရင် ဖုန်းဆက်လိုက်မယ်"

"အေး...ငါလိုက်ခဲ့မယ်"

"ဒါဆို... သွားပြီ..."

ထက်ကျော်ကို နှုတ်ဆက်ကာ ဆေးရုံကန်တင်းမှ ကားမောင်းကာ ထွက်လာခဲ့တော့သည် ။

ညနေပိုင်း ပွဲရုံကုန်ဂင် ကုန်ထွက်စာရင်းများကို စစ်ပြီး အိမ်သို့ ပြန်ရောက်တော့ ညကိုးနာရီပင် ကျော်နေပြီ။

အိမ်မှာ အဖော်အဖြစ် ခေါ်ထားသော အောင်သိုက်က သူ့ကိုစောင့်ရင်း ဧည့်ခန်းထဲမှာ အိပ်လို့ ပင် ပျော်နေသဖြင့်...

"ဟော့ကောင် အောင်သိုက် တံခါးဖွင့်"

"ဟင် အစ်ကိုပြန် လာပြီလား"

"အေး..."

အိပ်မှုန်စုံမွှားဖြင့် အိမ်၏ သံပန်းတံခါးသော့ကို လာဖွင့်ပေးရင်း

"ညနေက ဖုန်းလာတယ် အစ်ကို"

"ဘယ်ကလဲ"

"မသိပါဘူး အစ်ကိုရယ် မိန်းကလေး တစ်ယောက်ပဲ အစ်ကိုနဲ့ သိတယ်တဲ့ "

"နာမည် ဘယ်သူလဲ"

"ခင်သီရိတဲ့ "

"ဟင်"

သီဟ ဒီနာမည်ကို တစ်ခါမှ မကြားဘူး၊ ဘယ်က ခင်သီရိလဲ စဉ်းစားသော်လည်း အဖြေမရ ဖြစ်နေသည် ။

"အသံလေးက တကယ်ချိုတယ် အစ်ကိုရဲ့ ၊ ရုပ်ကလည်း ချောမှာသေချာတယ်"

"ငါ့အသိတွေထဲမှာ အဲဒီနာမည် မရှိဘူး၊ အောင်သိုက် ဖုန်းမှားတာလား"

"မမှားပါဘူး... ကိုမင်းသီဟဆိုတာ ဒီမြို့မှာ အစ်ကို တစ်ယောက်ပဲ ရှိတာလေ"

အောင်သိုက်ရဲ့ အချက်ကျကျ စကားကြောင့် သီဟအတွေးရ ပိုကျပ်လာသည် ။

ထို့ကြောင့်...

"မင်းပြောတာနဲ့ ခေါင်းနောက် လာပြီ သံပရာရည် တစ်ခွက်ဖျော်လာခဲ့"

"ဟုတ်ကဲ့ အစ်ကို"

အောင်သိုက် အိမ်နောက်ဖေးသို့သွားကာ သံပရာရည် တစ်ခွက်ကို သွားဖျော်နေစဉ် ဧည့်ခန်းစားပွဲခုံမှ သတင်းစာကို ကောက်ဖတ်လိုက်သည် ။

သတင်းစာကို တစ်ရွက်ချင်း လှန်ဖတ်ရင်း နာရေးကြော်ငြာမှ အသုဘ သတင်းတစ်ပုဒ်ကြောင့် သီဟ မျက်လုံးပြူးသွား၏။

"ခင်သီရိ အသက်(၂၁)နှစ် ဆိုပါလား"

သေချာအောင် အပြန်ပြန် ဖတ်သော်လည်း မျက်စိလုံးဝ မမှားနိုင်၊ ဒါဆို အောင်သိုက် သူ့ကိုနောက်တာလား ဒါလည်း မဖြစ်နိုင်၊ အောင်သိုက်က သူ့ကိုဘယ်တော့မှ နောက်လေ့မရှိ သေချာတာကတော့ ဖုန်းဆက်တဲ့ ကောင်မလေး ခင်သီရိဆုံးတာ သတင်းစာပါ ကြော်ငြာအရ သုံးရက်ခန့် ရှိနေပြီ ဖြစ်သည် ။

"အစ်ကို ... သံပရာရည်ရပြီ"

"အေး..."

"သတင်းစာကိုင်ပြီး အစ်ကို ဘာတွေ စဉ်းစားနေတာလဲ"

"ရော့... မင်းဖတ်ကြည့်"

သတင်းစာကို အောင်သိုက်လက်ထဲ ထိုးထည့်ပေးလိုက်ပြီး သံပရာရည်ကို တစ်ကျိုက် မော့သောက်လိုက်သည် ။ ခင်သီရိ၏ နာရေးကြော်ငြာ

ကို အောင်သိုက်ဖတ်မိပြီး ...

"အစ်ကို ဖုန်းဆက်တာ... သူလား"

"ဟ အောင်သိုက် ဖုန်းကိုင်တာ မင်းလေ၊ မင်းပြောမှ ငါသိတာမလား
"

"ဟိုး ဟို ခင်သီရိက သေနေပြီလေ အစ်ကို၊ သေရာကနေ ကျွန်တော့်ကို ဘယ်လို ဖုန်းဆက်တာလဲ မသိဘူး"

"စဉ်းစားမနေနဲ့ ခေါင်းထဲက ထုတ်လိုက် ငါအိပ်တော့မယ်"

ပြောကာ လက်ကျန် သံပရာရည်ကို သောက်ပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့သည် ။

အောင်သိုက်ကတော့ သတင်းစာကို လက်ကကိုင်ရင်း ငိုင်ပြီး ဧည့်ခန်းထဲမှာ ကျန်ခဲ့သည် ။

အိပ်ခန်းထဲရောက်ပြီး အိပ်ရာပေါ် လှဲတော့လည်း တော်တော်နှင့် အိပ်မပျော်နိုင်သေး၍ စာကြည့်စားပွဲမှ မဂ္ဂဇင်းတစ်အုပ် ယူကာ ဖတ်နေလိုက်သည် ။

ညက တဖြည်းဖြည်းနှင့် နက်လာသည် ။

လူက အိပ်ချင်သော်လည်း မျက်လုံးက အိပ်မပျော်နိုင်သဖြင့် ဟိုတွေး ဒီတွေးနှင့် ဖြစ်နေရာ...

"ဒေါင်... ဒေါင်... ဒေါင်... ဒေါင်"

အိမ်ရှေ့ တိုင်ကပ်သံစုံနာရီကြီးမှ ဆယ့်နှစ်နာရီ ထိုးသံကို ကြားလိုက်ရသည် ။

ထိုအချိန်၌ပင်

"ကလင်...ကလင်...ကလင်"

ဖုန်းမြည်သံပါ တစ်ဆက်တည်း ကြားရ၍ အိပ်ရာထက်မှ ထကာ အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာ၏။

"ကလင်... ကလင်... ကလင်..."

ဖုန်းသံကလည်း အဆက်မပြတ်ကို မြည်နေ၍ ကောက်ကိုင်လိုက်ပြီး

"ဟဲလို မင်းသီဟပါ"

"မအိပ်သေးဘူးလား"

"မင်းဘယ်သူလဲ"

ခပ်မာမာနှင့် သီဟ ပြန်မေးလိုက်သည် ။

"ညနေက ဖုန်းဆက်တာ ပြောသေးလား"

"မင်းကို မေးနေတယ်လေ ဘယ်သူလဲ၊ ဒီအချိန်ကြီး ဖုန်းဆက်ရအောင် ဘာတွေ အရေးကြီးနေလို့ လဲ"

"ခစ်... ခစ်... ခစ်"

တစ်ဖက်က ဘာမှ ပြန်မဖြေ ရယ်မောလို့ သာ နေသည် ။

"ငါ ဖုန်းချလိုက်မယ်"

"အို ... ဖုန်းမချပါနဲ့ ကျွန်မ ရှင့်ကို အကူအညီ တောင်းမလို့ ပါ"

"ဘာအကူအညီလဲ"

"ကျွန်မနေရတဲ့ အနေအထားက အရမ်းကျပ်နေတယ်၊ ပြီးတော့ တအားလည်း မှောင်တာပဲ ဖြစ်နိုင်ရင် ကျွန်မကို လွတ်မြောက်အောင် လုပ်ပေးပါ"

"မင်းက ဘယ်မှာ မို့လဲ"

"မသိဘူး ဘယ်နေရာမှန်းလည်း မသိဘူး အရမ်း မှောင်နေတယ်ရှင်
"

သီဟ ဘာဆက်ပြောရမှန်းမသိ သနားစဖွယ် အားငယ်သည့် လေသံဖြင့် အကျဉ်းအကျပ်က လွတ်မြောက်ဖို့ ကို တောင်းဆိုနေသည် ။ သီဟက...

"ဘယ်နေရာမှန်း မသိဘဲ ငါဘယ်လို ကူညီမလဲ"

"ခေါင်းလောင်းလေ ငွေခေါင်းလောင်းလေး ဘုရားမှာ လှူပေးပါ"

"ဟင်"

"ကျွန်မကို ကူညီပါနော်"

သီဟ ဖုန်းခွက်ကိုင်ကာ အဖြေဘယ်လို ပေးရမှန်းမသိ။

ထို့ကြောင့်...

"မင်းနာမည် ဘယ်သူလဲ"

"ခင်သီရိလို့ ပဲ မှတ်ထားပါ ... ဘုရားမှာ ငွေခေါင်းလောင်းလေး လှူဖြစ်အောင် လှူပါနော်"

ပြောကာ ဖုန်းချသွားလေသည် ။ သီဟလည်း ဖုန်းကိုချကာ အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည် ။

စိတ်ကလွန်စွာ ချောက်ချားနေသော်လည်း ငွေခေါင်းလောင်းလေး လှူဖို့ ကိုတော့ ခင်သီရိရဲ့ စကားသံတွေက နားထဲ စွဲနေလေတော့သည် ။

***